myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

July 15, 2019 Volume 21, Number 11

**၁၅.၇.၂၀၁၉**

| | |
|---|---|
| ကျွန်မှာ့ရွှေဈေး | = ၁၄၁၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၃၅၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၈/ကျပ် |
| CBM Rate | = ၁၅၁၀.၅/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၂.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၃.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၉၅.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၀.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၁.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၉.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၂၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၀၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၄၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၁၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၁
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ချင်းတောင် တီးတိန်ပန်းသီးအထွက်နှုန်းကောင်းသော်လည်း ရာသီဥတုဖောက်ပြန်မှုကြောင့် အဆင့်မီဈေးကွက်မဝင်နိုင်



ချင်းပြည်နယ်တွင် ပန်းသီးကို တီးတိန်မြို့နယ်၌ အများဆုံး စိုက်ပျိုးမှုရှိပြီး ပြည်တွင်း ပြည်ပ ဈေးကွက်အထိ အရောင်းအဝယ်ဖြစ်နေသော ချင်းတောင် ပန်းသီးမှာ ယခုနှစ် အသီးသီးချိန်တွင် ရာသီဥတု ဖောက်ပြန်မှုနှင့် အပူရှိန် ပြင်းထန်မှုများကြောင့် ပန်းသီး အထွက်နှုန်း ကောင်းမွန်သော်လည်း အဆင့်မီ ဈေးကွက်ဝင်ဖြစ်မလာဘဲ အလုံးသေးငယ်ကြောင်း တီးတိန်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှသိရသည်။

တီးတိန်မြို့နယ်မှာ ပန်းသီးဟာ ဒေသထွက်စိုက်ပျိုးသီးနှံတစ်ခုဖြစ်တယ်။ အခုအချိန် ထွက်ရှိတဲ့ပန်းသီးဟာ အိုင်ဝါအမျိုးအစားဖြစ်ပြီး စိုက်ပျိုးတောင်သူတွေက တစ်ပိဿာကိုငွေကျပ် ၁၅၀၀ နှုန်းရရှိပါတယ်။ တောင်သူတွေ အဓိကစိုက်ပျိုးတဲ့ ပန်းသီးအမျိုးအစားတွေကတော့ အိုင်ဝါ၊ ရူဘီခေါ် ကမ်းနန်၊ အော်သီး (Audi)၊ အိုယိုကီနဲ့ ကုန်ဒေါင်းတို့ဖြစ်ပါတယ်။ တီးတိန်ဒေသပန်းသီးပင်တွေဟာ ကင်ကာ (Canker)လေကနေတစ်ဆင့် ကူးတဲ့ ရောဂါကြောင့် ပန်းသီးတစ်နှစ်မှာ ၁၀ ဒီဂရီစင်တီဂရိတ်အောက်/ အအေးဓာတ်နာရီပေါင်း ၇၀၀ ခန့်လိုအပ်ပါတယ်။ အခုနှစ်မှာတော့ ရာသီဥတုပူနွေးလာမှုကြောင့် တစ်နှစ် ၁၀ ဒီဂရီစင်တီဂရိတ်အောက် အအေးဓာတ်နာရီပေါင်း ၃၀၀ ကနေ ၄၀၀ ခန့်လောက်ပဲရရှိပါတယ်။ ဒါ့အပြင် မိုးရွာသွန်းမှုနောက်ကျတဲ့အတွက်ကြောင့် ပန်းသီးတွေ အရင်နှစ်ထက် အလုံးသေးသွားတာဖြစ်ပါတယ်ဟု တီးတိန်မြို့စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလျန်ကောပ်ဇခတ်ကပြောဆိုသည်။

ချင်းပြည်နယ်၌ ပန်းသီးကို ဟားခါး၊ ဖလမ်း၊ တီးတိန်မြို့နယ်တို့တွင် စိုက်ပျိုးမှုများရှိသော်လည်း တီးတိန်မြို့နယ် ဘွင်၊ ဗန်တဲ့၊ လိုးဖေ၊ ဆွောင်ပီး၊ ဒိမ်ပီးနှင့် လေးဒွေါကျေးရွာများတွင် အများဆုံး စိုက်ပျိုးမှုရှိကြကြောင်း၊ တီးတိန်မြို့နယ်ထွက် ပန်းသီးကို ထင်းရှူးသေတ္တာဖြင့်ရိုက်၍ တစ်ဖက်နိုင်ငံ မြန်မာ–အိန္ဒိယနယ်စပ် မီဇိုရမ် ပြည်နယ်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှတစ်ဆင့် ကလေးဝ၊ မုံရွာ၊ မန္တလေး၊ ရန်ကုန်မြို့များသို့လည်းကောင်း၊ ချင်းတွင်းမြစ်ဖျားဒေသသို့ လည်းကောင်း နှစ်စဉ်တင်ပို့ရောင်းချကြကြောင်း၊ ချင်းတောင်ထွက် ပန်းသီးမျိုး အကောင်းဆုံးမှာ အိုင်ဝါသီးဖြစ်ပြီး ကြာကြာထား၍ရသည့်အသီးဆိုလျှင် ရူဘီသီးဟုခေါ်ဆို၍

အခြားအသီးများထက် အရောင်ပိုတောက်ကြောင်း၊ အိုင်ဝါသီးဟု ခေါ်သည့် အသီးဆိုလျှင် ဇွန်လတွင် စတင်ရောင်းချနိုင်ပြီဖြစ်ပြီး အိန္ဒိယ-မြန်မာနယ်စပ် တမူးဘက်သို့ ပုံမှန်တင်ပို့နိုင်ပါက ဈေးကွက်ပိုရကြောင်း ပန်းသီးဝယ်ယူတင်ပို့ ရောင်းချသည့် ကုန်သည်များ ထံမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/125575.html

## တရုတ်-အမေရိကန် ကုန်သွယ်ရေးအကျပ်အတည်းနှင့် တရားခံလွှဲပြောင်းပေးရေး ဥပဒေမူကြမ်းအား ဆန္ဒပြမှုများကြောင့် လက်လီရောင်းသောဆိုင်ခန်းများ ငှားရမ်းမှုထိခိုက်လာခြင်း

တရုတ်-အမေရိကန် ကုန်သွယ်ရေးအကျပ်အတည်းနှင့် တရားခံလွှဲပြောင်းပေးရေး ဥပဒေမူကြမ်းအား ဆန္ဒပြမှုများကြောင့် ဒုတိယနှစ်ဝက် အရောင်းကျဆင်းနေမည်ဖြစ်သဖြင့် ဟောင်ကောင်ရှိ လက်လီအရောင်းဆိုင်များ ငှားရမ်းမှုဈေးကွက်သည် နှေးကွေးနေမည်ဟုမျှော်လင့်ရကြောင်း လုပ်ငန်းများအားလေ့လာသူများမှပြောကြားခဲ့ပါသည်။ အဓိက ဈေးဝယ် လမ်းများတစ်လျှောက်ရှိဆိုင်ခန်းများ ငှားရမ်းမှုအားလုံးမှာ ဧပြီလမှ ဇွန်လအထိ ၁.၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ဟောင်ကောင်ရှိ Central တွင် သိသိသာသာ ၃.၈ ရာခိုင်နှုန်းအထိကျဆင်းခဲ့မှု မှတ်တမ်းတင်ခဲ့ကြောင်း အိမ်ခြံမြေ သုတေသနနှင့် အကြံပေး Savills ကပြောကြားခဲ့ပါသည်။ ပထမနှစ်ဝက်တွင် လက်လီရောင်းချသူများအတွက် စီးပွားရေး လုပ်ငန်းများ နှေးကွေးလျှက်ရှိပါကြောင်းနှင့် လက်ရှိတွင်လည်း တရားခံလွှဲပြောင်းပေးရေး ဥပဒေအား ဆန္ဒပြမှုများကြောင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဆိုးရွားလာပါကြောင်း JLL လက်လီအခန်းငှားဝန်ဆောင်မှုလုပ်ငန်းမှ Regional Director ဖြစ်သူ Jeanette Chan ကပြောကြားခဲ့ပါသည်။ တိုက်ခန်းပိုင်ဆိုင်သူများမှလည်း ဆိုင်ခန်းများအား လျှော့ဈေး အများကြီးပေးပြီး ငှားရမ်းခဲ့ပါကြောင်း၊ အမေရိကန်စားသောက်ဆိုင် Lawry’s the Prime Rib သည် Central တွင် ဖ၅၀၀ စတုရန်းပေအား ၈၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် ရရှိခဲ့ကြောင်း Savills ကပြောကြားခဲ့ပါသည်။ ဟောင်ကောင်၏ Golden Week ဖြစ်သော တရုတ်ပြည်မကြီးမှ ခရီးသွားဝင်ရောက်လာမှုများပြားလာသော်လည်း မေလတွင် လက်လီဈေးဆိုင်ခန်း ငှားရမ်းမှုများ ကျဆင်းခဲ့ကြောင်း အစိုးရကိန်းဂဏန်းများအရသိရှိရပါသည်။ ဒုတိယနှစ်ဝက်တွင် လမ်းမကြီးများရှိ ငှားရမ်းမှုမှာ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ပါကြောင်းနှင့် အရောင်းစင်တာများတွင် ၅ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း JLL မှ ခန့်မှန်းခဲ့သည်။

၂၀၁၉ ခုနှစ်၊ ဇွန်လက ဟောင်ကောင်တွင် တရားခံလွှဲပြောင်းပေးရေးဥပဒေအား ဆန္ဒပြမှုများတွင် ဆန္ဒပြသူနှင့် ရဲများအကြား ထိခိုက်မှုများ မြင့်တက်ခဲ့မှုကြောင့် တရားခံ လွှဲပြောင်းပေးရေးဥပဒေအား ဆိုင်ငံ့ထားပါကြောင်း၊ အဆိုပါ အပတ်စဉ်တနင်္ဂနွေနေ့တိုင်းတွင် မြို့လယ်ခေါင်ဈေးဝယ်နေရာများနှင့် ငွေကြေးပိုင်းအချက်အချာကျသည့် နေရာများတွင် ဆန္ဒပြမှုများကြောင့် လမ်းများပိတ်ဆို့ပြီး ပို့ဆောင်ဆက်သွယ်ရေးများလည်း ရပ်ဆိုင်းထားရကြောင်း ရေးသားဖော်ပြထား ပါသည်။ အဆိုပါ ဆန္ဒပြမှုများကြောင့် Causeway Bay မှ Admiralty နှင့် Central အထိ ပိတ်ဆို့မှုအရမ်းများသောကြောင့် လူများအနေဖြင့် ဈေးဝယ်နိုင်ခြင်းမရှိကြောင်း၊ ဈေးဝယ်သူများအနေဖြင့် သွားလာ၍ရနိုင်သော်လည်း လူကြားထဲတွင် ပိတ်ညပ်နေမည် စိုးရိမ်လျှက်ရှိကြောင်း၊ ဤဖြစ်စဉ်သည် မည်မျှကာလကြာရှည်မည်ကို ခန့်မှန်း၍မရပါကြောင်း၊ လက်လီ ရောင်းချသူများ၏ ပြောကြားချက်များအရ စီးပွားရေးလုပ်ငန်းများအား ဆိုးရွားစွာထိခိုက်လျှက်ရှိသည်ကိုတွေ့ရှိရကြောင်း Jeanette Chan က ပြောကြားခဲ့ပါသည်။ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသမှ ပြင်ဆင်ရေးဆွဲလျှက်ရှိသော တရားခံ လွှဲပြောင်းပေးရေး ဥပဒေအား ဆန့်ကျင်မှုအား ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် Kowloon ၌ လူတစ်သိန်းခန့် ပထမဆုံး အကြိမ် ဆန္ဒပြမှုပြုလုပ်ခဲ့မှုကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာရာ အချက်အခြာကျသည့် Tsim Sha Tsui ရှိ လက်လီအရောင်းဆိုင်များ ပိတ်ထားရသည့် အနေအထားရှိကြောင်းနှင့် ဆန္ဒပြမှု များမှာ ဟောင်ကောင်မြို့အနှံ့တွင် ပျံ့နှံ့လျှက်ရှိကြောင်းအား လက်လီရောင်းချသူများအနေဖြင့် သတိအနေအထားတွင် ရှိနေကြောင်း ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင်ထုတ်ဝေသော South China Morning Post သတင်းစာတွင် Daryl Choo က ရေးသားဖော်ပြထားသည့် သတင်းအားတင်ပြအပ်ပါသည်။

**Source: စီးပွားရေးသံမှူး-ဟောင်ကောင်**

## ဘဏ္ဍာနှစ် ကိုးလကျော်တွင် သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၂ ဒသမ ၇ ဘီလျံကျော် ရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၃၂ သန်းကျော်လျော့ကျ



လက်ရှိဘဏ္ဍာနှစ် ကိုးလကျော်တွင် သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၂ ဒသမ ၇ ဘီလျံကျော် ရရှိထားပြီး ယခင်နှစ် ကာလတူထက် ဒေါ်လာ ၃၂ သန်းကျော် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးကပြောကြားသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက် ကနေ ဇူလိုင် ၅ ရက် အထိ သဘာဝဓာတ်ငွေ့ ကုဗပေ ၁၉၇၉၉၂၅၃၇ တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၂၇၇၀ သန်း (၂ ဒသမ ၇၇ ဘီလျံ) ရရှိထား တယ်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန် ရှိသူတစ်ဦးက ပြောကြားသည်။ ယခင်နှစ်ကာလတူတွင် သဘာဝ ဓာတ်ငွေ့ကုဗပေ ၃၄၉၆၉၅၄၉၅ တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၂ ဒသမ ၈၀၂ ဘီလျံကျော် ရရှိထားသည်။ ထို့ကြောင့် လက်ရှိ ဘဏ္ဍာနှစ် ကိုးလကျော်တွင် ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှု ကုဗပေ ၁၅၁၇၀၂၉၅၈ လျော့ကျခဲ့ပြီး အမေရိကန် ဒေါ်လာ ၃၂ ဒသမ ၅၉၃ သန်း လျော့ကျခဲ့ကြောင်းသိရသည်။

အစိုးရသက်တမ်း တတိယတစ်နှစ်တာအတွင်း မြန်မာ့ရေနံနှင့် သဘာဝလုပ်ငန်း အနေဖြင့် ကုန်းတွင်းနှင့် ကမ်းလွန်ရှိ တွင်းပေါင်း ၈၆ ခုမှ စုစုပေါင်း ရေနံစိမ်းစည် ၃ဒသ မ ၃၂ သန်းနှင့် သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၆၂၃,၀၀၀ ကျော် အထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ မေ ၉ ရက် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ပြုလုပ်သည့် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်ပြီး သတင်းစာ ရှင်းလင်းပွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောချက်များကို မေ ၁၀ ရက်ထုတ် နိုင်ငံပိုင် သတင်းစာတွင် ဖော်ပြထားသည်။ တတိယတစ်နှစ်တာ ကာကလအတွင်း မြန်မာ့ရေနံနှင့် သဘာဝလုပ်ငန်းက ကုန်းတွင်းပိုင်းတွင် ရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးတွင်း ၂၃ တွင်း နှင့် ပူးပေါင်းကုမ္ပဏီများက ၁၇ တွင်း စုစုပေါင်း တွင်း ၄၀ တူးဖော်ခဲ့ပြီးရေနံ စိမ်းစည် ၂ ဒသမ ၃၁ သန်းနှင့် သဘာဝဓာတ်ငွေ့ ၁၉,၀၁၉ ကုဗပေ သန်းထုတ်လုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာကုမ္ပဏီများမှ ကမ်းလွန်အပိုင်းတွင် ၄၆ တွင်း တူးဖော်ခဲ့ပြီး ရေနံ(လေဆီ)စည် ၁ ဒသမ ၀၂ သန်းနှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၆၀၄၈၁၈ သန်း ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။

တတိယ တစ်နှစ်တာအတွင်း ကုန်းတွင်းနှင့်ကမ်းလွန် ရေနံစိမ်းစည် စုစုပေါင်း ၃ ဒသမ ၂ သန်းနှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၆၂၃၈၃၈ သန်းအထိ ထုတ်လုပ်နိုင်ခဲ့ကြောင်းသိရသည်။ လစ်လပ်လျက်ရှိသော ကုန်းတွင်းပိုင်းလုပ်ကွက် ၁၈ ကွက် နှင့် ကမ်းလွန်လုပ်ကွက် ၁၅ ကွက်တို့အား ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးမြှင့်ဆောင်ရွက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါ ခေါ်ယူမှုများကို မကြာမီ ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။ ကမ်းလွန် ၁၅ ကွက်တွင် A-2၊ AD-4၊ AD-10၊ AD-12၊ AD-13၊ AD-14၊ AD-15၊ AD-16၊ M-1၊ M-10၊ M-16၊ MD-1၊ MD-3၊ MD-6၊ MD-8 တို့ဖြစ်ကြောင်း Rakhine Investment Opportunity Survey တွင် ဖော်ပြထားကြောင်းသိရသည်။

**Source:** https://news-eleven.com/article/122553

## တရုတ်နွားမွေးမြူရေးလုပ်ငန်းတစ်ခု ပြည်တွင်း၌ ဒေါ်လာ ၃၅ သန်းကျော် ရင်းနှီးမြှုပ်နှံရန်စီစဉ်




မန္တလေးတိုင်းတွင် နွားမွေးမြူရေးလုပ်ငန်းတစ်ခုကို ဒေါ်လာ ၃၅ သန်းကျော်ဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် တရုတ်ကုမ္ပဏီတစ်ခုက ပြင်ဆင်နေသည်။ အဆိုပါ တရုတ် မွေးမြူရေး ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် နွားမွေးမြူပြီး ယင်းနိုင်ငံသို့ ပြန်လည် တင်ပို့မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနညွှန်ကြားရေးမှူး တစ်ဦးက ပြောသည်။ အစိုးရချင်း သဘောတူညီမှုဖြင့် တရုတ်နိုင်ငံသို့ တရားဝင် ကျွဲ၊ နွားတင်ပို့ရန် ကြိုးစားနေချိန်တွင် တရုတ်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုကို မန္တလေးတိုင်း ကျွဲ၊

နွားတင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးနိုင်က ကျွန်တော်တို့အတွက် မျှော်လင့်ချက်ကတော့ မကောင်းဘူးဟုပြောသည်။

တရုတ်ကုန်သည်များ မြန်မာနိုင်ငံတွင် နွားမွေးမြူပြီး တင်ပို့မည့်အစီအစဉ်ကို သတိထားရန်၎င်းကပြောသည်။ တရုတ်ကုန်သည်များက အကောင်ရေအနည်းငယ်သာမွေးမြူပြီး ပြည်တွင်းဈေးသက်သာသော ဒေသများမှ နွားများကို ဝယ်ယူကာ တင်ပို့မှုများပြုလုပ်လာနိုင်သည်ဟု ၎င်းကဆိုသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတွင် ကျွဲ၊ နွား အပါအဝင် တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်ပတင်ပို့မှု အလားအလာ ကောင်းများ ရှိနေပြီး ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း ဒေါ်လာသန်း ၃၁၀ ကျော် တင်ပို့နိုင်ခဲ့သည်။ အဆိုပါပမာဏသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် သန်း ၁၃၀ ကျော် ပိုများကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ကျွဲ၊ နွားတင်ပို့မှုသည် ၂၀၁၈ ဧပြီမှ ၂၀၁၉ မတ်လကုန်အထိ အကောင်ရေ ငါးသိန်းကျော် ရှိကြောင်း မန္တလေးတိုင်း ကျွဲ၊ နွားတင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးနိုင်ကပြောသည်။ တရုတ်နိုင်ငံသို့ အစိုးရချင်း သဘောတူညီမှုဖြင့် တရားဝင် ကျွဲ၊ နွားရောင်းချရေးညှိနှိုင်းမှု မကြာမီအဆင်ပြေနိုင်မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ တိရစ္ဆာန်ရောဂါနှင့်ပတ်သက်သော ညှိနှိုင်းမှုများ နောက်ဆုံးအဆင့်ရောက်ရှိနေပြီး မကြာမီတရုတ်နိုင်ငံနှင့် နားလည်မှု စာချွန်လွှာချုပ်ဆိုနိုင်မည်ဟု ၎င်းကဆိုသည်။

**Source:** http://www.7daydaily.com/story/161144

## ပြည်ပသွင်းကုန်များအပေါ် လိုင်စင်ဖြေလျှော့ပေးရန် စီးပွားကူးသန်းစီစဉ်

သွင်းကုန်ကာကွယ်ရေးဥပဒေကြမ်းကို လွှတ်တော်သို့တင်သွင်းခဲ့သော စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနက ပြည်ပမှသွင်းကုန်လိုင်စင်ဖြေလျှော့မှုများ ထပ်မံဆောင်ရွက်ရန် ပြင်ဆင်နေသည်။ ကြိုတင်လိုင်စင် လျှောက်ထား စရာမလိုဘဲ ဆိပ်ကမ်းရောက်ရှိမှသာ မိမိတင်သွင်းလာသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ထုတ်ပြန် ကြေညာနိုင်မည့် အခွင့်အရေးကိုဖြေလျှော့ပေးရန်ကျန်ရှိနေသော ကုန်စည်အမျိုးအမည် လေးထောင်ကျော်အတွက် ထပ်မံစီစဉ်နေသည်ဟု စီးပွားကူးသန်းဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ ကုန်သွယ်ရေးနှင့်ပတ်သက်သော ဖြေလျှော့မှုများကို ဒီချုပ်အစိုးရတာဝန်ယူပြီး ၂၀၁၆ နောက်ပိုင်း ဆောင်ရွက်နေရာ ကုန်စည်အမျိုးအမည် တစ်သောင်းကျော်အနက် ခြောက်ထောင်ကျော်ကို သွင်းကုန်လိုင်စင်ဖြေလျှော့ ပေးပြီးဖြစ်သည်။ ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးအတွက် ဆောင်ရွက်ပေးတာပါဟု ဦးခင်မောင်လွင်ကပြောသည်။

ပြည်ပသွင်းကုန်များအပေါ် လိုင်စင်ဖြေလျှော့မှုများ ဝန်ကြီးဌာနကဆောင်ရွက်ပေးနေသော်လည်း ပြည်တွင်း အသေးစား၊ အလတ်စားလုပ်ငန်းများရှင်သန်ရေး ကန့်သတ်လိုသည့်ကုန်စည်များကို တားဆီးနိုင်ရေးအတွက် သွင်းကုန်ကာကွယ်ရေးဥပဒေပြဋ္ဌာန်းရေးကိုလည်း ဆောင်ရွက်နေခြင်းဟု ၎င်းကဆိုသည်။ သွင်းကုန်ပမာဏ မြင့်တက်နေခြင်းမှ ကာကွယ်ပေးရန် ရည်ရွယ်သည့်အဆိုပါ ဥပဒေကြမ်းတွင် သွင်းကုန်ကိုခွဲတမ်းကန့်သတ်၍ သော်လည်းကောင်း၊ အခွန်စည်းကြပ်ကောက်ခံ၍သော်လည်းကောင်း ကန့်သတ်မည့်အစီအစဉ်ပါဝင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးကရှင်းပြသည်။

ပြည်ပသွင်းကုန်များကြောင့် ထိခိုက်နစ်နာမှုရှိသည်ဆိုကာ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းများက တောင်းဆိုလာ သဖြင့် သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေကြမ်းကို ရေးဆွဲခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။ မြန်မာနိုင်ငံ၏ သွင်းကုန်ပမာဏသည် ယခုဘဏ္ဍာနှစ် ကိုးလကျော်အတွင်း ဒေါ်လာ ၁၄ ဘီလီယံခန့်ရရှိထားပြီး လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းများတင်သွင်းမှုသည် ဒေါ်လာငါးဘီလီယံကျော်ဖြင့်အများဆုံးဖြစ်သည်။

**Source:** http://www.7daydaily.com/story/161141

## ပြည်ပမော်တော်ယာဉ်ကုမ္ပဏီရှစ်ခုခန့် ယခုနှစ်မကုန်မီ ပြည်တွင်း၌ လုပ်ငန်းစတင်လည်ပတ်နိုင်မည်မျှော်မှန်း

SKD (အစိတ်အပိုင်းများတင်သွင်းပြီး ပြန်လည်တပ်ဆင်ထုတ်လုပ်သည့်စနစ်)၊ CKD (အလုံးစုံပြည်တွင်း၌ ထုတ်လုပ်သည့်စနစ်)များဖြင့် ပြည်ပမော်တော်ယာဉ် ကုမ္ပဏီရှစ်ခုခန့် ယခုနှစ်မကုန်မီ လုပ်ငန်းစတင် လည်ပတ်နိုင်မည်ဟု မြန်မာ့ မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း (MAMDA) က ခန့်မှန်း သည်။ကုမ္ပဏီရှစ်ခုက လုပ်ဖို့အတွက်ကျပြီးသား။ ဒါပေမဲ့ ထုတ်ဖို့အတွက်

စာရွက်စာတမ်းတွေလုပ်နေရတာ။ မကြာခင် ကုမ္ပဏီသုံးခုက စတင်တော့မှာပါဟု MAMDA ဒုတိယဥက္ကဋ္ဌ ဦးဇော်ထိုက်အေးကပြောသည်။

၂၀၁၉ ဖွန်လအထိ မြန်မာနိုင်ငံတွင် SKD, CKD စနစ်များ ဖြင့် မော်တော်ယာဉ်ထုတ်လုပ်ရန် ခွင့်ပြုထားသည့် ကုမ္ပဏီ ၁၈ ခုတွင် ၁၀ ခုသည် လုပ်ငန်းစတင်လည်ပတ်နေပြီဖြစ်သည်။ ယခုနှစ်မကုန်မီ လုပ်ငန်းစတင် လည်ပတ်နိုင်မည့် ပြည်ပ မော်တော်ယာဉ်ကုမ္ပဏီအများစုသည် တရုတ်နိုင်ငံအခြေစိုက်ဖြစ်ပြီး လူစီးယာဉ်နှင့် လုပ်ငန်းသုံးယာဉ်များ အဓိကထားထုတ်လုပ်မည်ဖြစ်သည်။ SKD, CKD စနစ်များဖြင့် ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်နိုင်မှုသည် တစ်လလျှင် အစီးရေ ၁၂၀၀ ခန့်ရှိပြီး ၂၀၁၉ က စတင်ကာ ဈေးကွက်အတွင်းသို့ ဝင်ရောက်ခဲ့သည့် မော်တော်ယာဉ် အမှတ်တံဆိပ်များသည် ခြောက်လအတွင်း ဈေးကွက်ဝေစု၏ ၁၀ ရာခိုင်နှုန်းကျော်ရရှိထားကြောင်း MAMDA ကဖော်ပြသည်။ ရန်ကုန်လိုင်စင်ပါဝင်ပြီး ကျပ်သိန်း ၃၀၀ ခန့်ဖြင့် မော်တော်ယာဉ်အသစ်ရရှိခြင်းသည် ဈေးကွက် ဝယ်လိုအားများနေခြင်း၏ အဓိကအချက်ဖြစ်ကြောင်း ယင်းလုပ်ငန်း ကျွမ်းကျင်သူ များက သုံးသပ်ထားသည်။

မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်သည့် ကုမ္ပဏီအများစု၏ ဈေးကွက်ပြိုင်ဆိုင်မှုကြောင့် မကြာမီဈေးနှုန်းများ ကျဆင်းလာမည်ဟု MAMDA က ခန့်မှန်းသည်။ ပြည်တွင်း၌ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်နေမှုတွင် ဂျပန်ကားကုမ္ပဏီ ဆူဇူကီး၊နစ်ဆန်းနှင့် တောင်ကိုရီးယားကုမ္ပဏီ KIA, Hyundai, ဒေဝူးနှင့် အမေရိကန်ကားကုမ္ပဏီ ဖို့ဒ်အပါအဝင် တရုတ်ကားကုမ္ပဏီအများစု ဝင်ရောက်လုပ်ကိုင်နေသည်။ နာမည်ကြီး ဂျပန်ကုမ္ပဏီတိုယိုတာကလည်း ၂၀၂၁ တွင် ပြည်တွင်း၌ CKD စနစ်ဖြင့် မော်တော်ယာဉ်ထုတ်လုပ်မည်ဖြစ်ကြောင်း ကြေညာထားသည်။

**Source:** http://www.7daydaily.com/story/161142

## ရန်ကုန်စတော့အိတ်ချိန်းတွင် နိုင်ငံခြားသားများ အစုရှယ်ယာဝယ်ယူနိုင်ပြီ

ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများတွင် နိုင်ငံခြားသားများ အစုရှယ်ယာဝယ်ယူခွင့်ကို ပထမအကြိမ် စတင်ခွင့်ပြုကြောင်း ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က ဇူလိုင် ၁၂ ရက်တွင် ထုတ်ပြန်သည်။ ထိုသို့ဆောင်ရွက်ရာတွင် စာရင်းဝင်ကုမ္ပဏီများသည် အချက်နှစ်ချက်လိုက်နာရမည်ဖြစ်ပြီး နိုင်ငံခြားရှယ်ယာပိုင်ဆိုင်မှု ဆိုင်ရာ ခွင့်ပြုမည့်ပမာဏကို ရန်ကုန်စတော့အိတ်ချိန်းသို့ ကြိုတင်တင်ပြရခြင်းနှင့် ကြီးကြပ်သည့်အဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူခြင်းတို့ဖြစ်သည်။

ထို့အပြင် ရန်ကုန်စတော့အိတ်ချိန်းသည် အချက်ငါးချက်ဆောင်ရွက်ရမည်ဟု ကော်မရှင်က ထုတ်ပြန်ထားသည်။ ၎င်းတို့မှာ ကုမ္ပဏီများက နိုင်ငံခြားသားများကို ရှယ်ယာစတင်ရောင်းချသည့်နေ့ရက် ကြေညာခြင်း၊ နိုင်ငံခြားသား ပါဝင်ရင်းနှီးမြှုပ်နှံမှုအတွက်စည်းမျဉ်းများကို ကော်မရှင်ခွင့်ပြုချက်ဖြင့်ထုတ်ပြန်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ရာတွင် အစုရှယ်ယာ တစ်မျိုးတစ်စားတည်းထားရှိရန်၊ ကုမ္ပဏီများက ကော်မရှင်သို့တင်ပြထားသည့် ရှယ်ယာပမာဏအတိုင်း အရောင်းအဝယ်ဆောင်ရွက်ရန်နှင့် အစုရှယ်ယာမှတ်တမ်းတင်ရာတွင် နိုင်ငံခြားကုမ္ပဏီ၏ တိုက်ရိုက်အစုရှယ်ယာ ပိုင်ဆိုင်မှုဖြစ်ပါက နိုင်ငံခြားပိုင်ဆိုင်မှုဟု သတ်မှတ်ရန်ဖြစ်ကြောင်းဆိုသည်။

ကုမ္ပဏီဥပဒေအသစ်အရ ပြည်တွင်းကုမ္ပဏီများတွင် နိုင်ငံခြားသား အစုရှယ်ယာပိုင်ဆိုင်မှုကို ၃၅ ရာခိုင်နှုန်းခွင့်ပြုထား ပြီးနောက် ရန်ကုန်စတော့အိတ်ချိန်းတွင်လည်း နိုင်ငံခြားရှယ်ယာဝယ်ယူခွင့်ကို ၃၅ ရာခိုင် နှုန်းအောက် ခွင့်ပြုခြင်းဖြစ်သည်။ ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီငါးခုရှိပြီး အစုရှယ်ယာများရောင်းချနေခြင်း ဖြစ်သည်။

**Source:** http://www.7daydaily.com/story/161025

## တရုတ်နိုင်ငံသုံးယွမ်ငွေက ကမ္ဘာ့အနံ့အသိအမှတ်ပြုခံရသည့် အခြေအနေသို့ရောက်ရှိ

နိုင်ငံတကာငွေကြေးဈေးကွက်တွင် သတိပြုမိကြသည်ဆိုသော အနေအထားတွင်သာရှိခဲ့သည့် ငွေကြေး အဖြစ်မှသည် ယခုအခါကမ္ဘာ့အနံ့အသိအမှတ်ပြုခံရသည့်အခြေအနေသို့ရောက်ရှိလာခဲ့သော ငွေကြေးတစ်မျိုးကို ဖေါ်ပြပါဆိုလျှင် တရုတ်နိုင်ငံသုံးငွေကြေးဖြစ်သော ယွမ်ငွေကို ရည်ညွှန်းဖေါ်ပြရပေမည်။ လွန်ခဲ့သည့် ဆယ်စုနှစ် တစ်ခုအတွင်း ကမ္ဘာ့အဆင့်တွင်တရုတ်ယွမ်ငွေ ပါဝင်မှုတိုးမြင့်လာခြင်းကလည်း တရုတ်နိုင်ငံ၏ စီးပွားရေး အင်အားနှင့်ပြောင်းလဲမှုမရှိနိုင်သောတံခါးဖွင့်စီးပွားရေးလုပ်ငန်းစဉ်တိုးတက်မှုတို့အားဖေါ်ပြနေခြင်းလည်းဖြစ်ပေသည်။

၂၀၁၉ ခုနှစ်၊ဇူလိုင်လတွင်တရုတ်ယွမ်ငွေ၏ ကမ္ဘာ့ဈေးကွက်တွင်ပါဝင်မှုခရီးလမ်းကြောင်းကို ရှေ့ပြေး အစီအစဉ်တစ်ရပ်နှင့်အတူ စတင်ခဲ့သည်မှစ၍ နယ်စပ်ကုန်သွယ်ရေးများတွင် ယွမ်ငွေအသုံးပြုမှုများ၊ ယွမ်ငွေသုံးစွဲမှုပမာဏ ကမ္ဘာ့ပင်လယ်ရပ်ခြားအနံ့တွင် လျှင်မြန်စွာတိုးတက်လာမှုများ၊ နိုင်ငံတကာကုန်သွယ်ရေးတွင် ယွမ်ငွေကို ကျယ်ပြန့်စွာ အသုံးပြုလာမှုများ၊ သာမန်ငွေကြေးတစ်ရပ်အနေနှင့်သာမကအရံ ငွေကြေးတစ်ရပ်အဖြစ်ပါ ရပ်တည်လာနိုင်မှုများကိုတွေ့ရှိခဲ့ရသည်။ ရန်မင်တက္ကသိုလ်(Renmin University) ၌ နိုင်ငံတကာငွေကြေးဆိုင်ရာ ဖိုရမ်က ၂၀၁၉ခုနှစ်တွင်ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်ရပ်အရ ယွမ်ငွေအားနိုင်ငံတကာက လက်ခံအသုံးပြုမှုအညွှန်းကိန်း(RII) က၂၀၁၈ ခုနှစ်အကုန်တွင် ၂ ဒသမ ၉၅ ရာခိုင်နှုန်း ရှိလာခဲ့ကြောင်း ကမ္ဘာ့ငွေရေးကြေးရေးအသုံးပြုမှု၌ ယွမ်ငွေ၏ပါဝင်မှုဝေစုကို ယွမ်ငွေတိုးတက်မှုလမ်းကြောင်းကို လေ့လာပါက တွေ့မြင်နိုင်သည်။ ကမ္ဘာ့ငွေကြေးဈေးကွက်တွင်အမေရိကန်ဒေါ်လာငွေ၏ လွှမ်းမိုးနိုင်မှုက တန့်နေခဲ့သော်ငြားလည်းယွမ် ငွေကမူ လွန်ခဲ့သောဆယ်နှစ်က ကမ္ဘာ့ငွေကြေးဈေးကွက်၏ သုည ဒသမ ၀၂ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါ ခုနစ်ပုံကျော်လွှားတိုးတက်လာခဲ့ခြင်းလည်းဖြစ်ကြောင်းတွေ့ရပေမည်။ နိုင်ငံတကာငွေရေးကြေးရေးဆိုင်ရာ အရောင်းအဝယ်အေဂျင်စီတစ်ခုဖြစ်သော SWIFT ကထုတ်ပြန်ခဲ့သည့် အခြား အစီရင်ခံစာတစ်ရပ်တွင်လည်း မေလတွင်ကမ္ဘာ့ငွေကြေးဆိုင်ရာပေးချေမှုများ၌ ယွမ်ငွေ ပါဝင်မှုပမာဏက ၁ ဒသမ ၉၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်းဖော်ပြခဲ့သည်။ ထို့ကြောင့်လည်းယွမ်ငွေက အမေရိကန်ဒေါ်လာ၊ယူရိုငွေ၊ ပေါင်စတာလင်နှင့် ဂျပန်ယန်းငွေတို့ပြီးလျှင် ပြည်တွင်းနှင့်နိုင်ငံတကာငွေကြေးပေးချေမှုများ၌ ပဉ္စမမြောက်အသုံးအများဆုံး ငွေကြေးအဖြစ်ရပ်တည်လာနိုင်ခဲ့သည်။

ငွေကြေးဆိုင်ရာအကဲဖြတ်လေ့လာသူများကလည်း ဆယ်စုနှစ်တစ်ခုအတွင်း တရုတ်ယွမ်ငွေက ကမ္ဘာ့ကုန်သွယ်ရေး နှင့် ငွေကြေးဆိုင်ရာ စနစ်အတွင်းအရေးကြီးသောကဏ္ဍမှတိုးတက်နေရာယူလာခဲ့နိုင်ခြင်းက တရုတ်နိုင်ငံအနေဖြင့် အရည်အသွေးမြင့်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တွင်ရှိနေပြီး ယွမ်ငွေ၏ ငွေကြေးဈေးကွက်လွှမ်းမိုးမှုမှာလည်း မြင့်တက်လာခြင်းဖြစ်ကြောင်းပြောကြားခဲ့ကြသည်။ ခိုင်မာသောစီးပွားရေး အခြေခံမူဝါဒများငွေကြေးတစ်ခု၏အင်အားဆိုသည်မှာ ဆန်းစစ်လေ့လာကြည့်ပါက ထိုနိုင်ငံ၏စီးပွားရေး ဆောင်ရွက်မှုဖြင့် ကျောထောက်နောက်ခံပြုထားခြင်းဖြစ်ကြောင်း တွေ့ရှိရပေမည်။ ရန်မင်တက္ကသိုလ်၊ နိုင်ငံတကာငွေကြေးအဖွဲ့အစည်း၏ ဒုတိယညွှန်ကြားရေးမှူး ဝမ်ဖန်(Wang Fang)က ယွမ်ငွေအား တရုတ်နိုင်ငံ၏ ခိုင်မာသောစီးပွားရေးအခြေခံမူဝါဒများနှင့် ကမ္ဘာ့အကြီးမားဆုံးကုန်ပစ္စည်းများကို ကုန်သွယ် ရောင်းဝယ်သည့် နိုင်ငံဟူသော အဆင့်အတန်းနှင့်အညီကျယ်ပြန့်စွာအဓိကအားဖြင့် အသုံးပြုနေကြောင်းပြောကြားခဲ့သည်။ ၂၀၁၀ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိနှစ်များအတွင်း တရုတ်နိုင်ငံ၏စီးပွားရေးက နှစ်စဉ်ပျမ်းမျှ ၇ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ကျယ်ပြန့်တိုးတက်လာနေကြောင်း နိုင်ငံတကာငွေကြေးဆိုင်ရာဖိုရမ် ၂၀၁၉ ၏အစီရင် ခံစာအရသိရသည်။ ၎င်းကြောင့်လည်း ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ ၃၀ ရာခိုင်နှုန်းကျော်ကို နှစ်ပေါင်းများစွာ တရုတ်နိုင်ငံက အထောက်အကူပြုနိုင်ခဲ့သည်။

၂၀၁၈ ခုနှစ်အတွင်းအမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးတင်းမာမှုများစတင်ဖြစ်ပွားခဲ့သော်လည်းတရုတ်နိုင်ငံအနေဖြင့် ၎င်း၏စီးပွားရေးကိုတည်ငြိမ်မှုနှင့်တိုးတက်မှုလမ်းကြောင်းပေါ်တွင်ရှိနေစေရန်ထိန်းထား နိုင်ခဲ့သည်။ ဆက်လက်၍လည်း ၎င်း၏ငွေကြေးဆိုင်ရာဈေးကွက်ကို တံခါးဖွင့်မူဝါဒဖြင့်ဆက်လက်ကျင့်သုံးဆောင်ရွက်ခဲ့ပြီး ၎င်း၏ကဏ္ဍကိုလည်း ကမ္ဘာ့စီးပွားရေးတိုးတက်မှုကိုတွန်းအားပေးနေသော မောင်းနှင်အားအဖြစ် ခိုင်မာစွာရပ်တည်စေခဲ့သည်။ နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့(IMF)က ယခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို သုည ဒသမ ၂ ရာခိုင် နှုန်းလျှော့ချကာ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိမည်ဟု ဧပြီလအတွင်း၌ လျှော့ချခန့်မှန်းခဲ့သော်လည်း တရုတ်နိုင်ငံ၏ စီးပွားရေးကိုမူ ဇန်နဝါရီလတွင် မူလခန့်မှန်းချက်ထက် သုည ဒသမ ၁ ရာခိုင်နှုန်းတိုးမြှင့်ကာ ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာမည်ဟုခန့်မှန်းခဲ့သည်။ တည်ငြိမ်သော နိုင်ငံစီးပွားရေးတိုးတက်မှုက ယွမ်ငွေ၏အင်အားခိုင်မာမှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကာ ကမ္ဘာ့ကုန်သွယ်ရေးပြုလုပ်နေကြသူများအား ပိုမို၍ဆွဲဆောင်မှုလည်းပြုလုပ်နိုင်လိမ့် မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ဘီလီယံနှင့်ချီသော လူဦးရေအတွက် များပြားသောသွင်းကုန်ပစ္စည်းများ လိုအပ်မည် ဖြစ်သော်လည်း တစ်ချိန်တည်းတွင်ကုန်ပစ္စည်းများကုန်သွယ်မှု၌ တရုတ်နိုင်ငံ၏ ခိုင်မာသောစီးပွားရေးက အထူးသဖြင့် စက်မှုလုပ်ငန်း ကဏ္ဍ၌ပို့ကုန်တိုးမြှင့်စေမှုအား ဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင်

တရုတ်နိုင်ငံ၏ ပြည်ပကုန်သွယ်ရေး၌ ပို့ကုန်တင်ပို့ရောင်းချနိုင်မှုမှာ ၂၀၁၇ ခုနှစ်ကထက် ၉ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ကာ ယွမ်ငွေ ၃၀ ဒသမ ၅၁ ထရီ လီယံ(အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ထရီလီယံ)အထိ စံချိန်တင် တိုးတက်ခဲ့ရာယွမ်ငွေအားနိုင်ငံတကာမှ အသုံးပြုမှုအတွက်နောက်ကွယ်မှ အဓိကတွန်းအားဖြစ်ခဲ့သည်။

ယွမ်ငွေအား ကမ္ဘာလုံးဆိုင်ရာမှန်ကန်သောငွေကြေးတစ်ခုအဖြစ်ပြုလုပ်မည်ဟု ကတိပြုထားခဲ့သည့် တရုတ် အာဏာပိုင်များက နှစ်ပေါင်းများစွာ ပြုပြင်ပြောင်းလဲရေးအတွက် တည်ငြိမ်သောဆောင်ရွက်မှုများပြုရန်နှင့် နိုင်ငံ၏ငွေကြေးဈေးကွက်တံခါးဖွင့်ဝါဒကျင့်သုံးရန် ဆောင်ရွက်မှုများလုပ်ဆောင်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ရိုးရိုးသာမန်ငွေကြေးအဖြစ်မှ နိုင်ငံတကာငွေကြေးရင်းနှီးမြှုပ်နှံသည့်ငွေကြေးအဖြစ်သို့လုပ်ဆောင်ခဲ့ရာတွင် ၎င်း၏နိုင်ငံခြားငွေကြေးလဲလှယ်နှုန်း ပုံစံစနစ်အားမြှင့်တင်မှုနှင့် ဘဏ်အချင်းချင်းငွေချေးစာချုပ်နှင့် Forex ငွေကြေး ဈေးကွက်များ ပွင့်လင်းမှုကဲ့သို့သော ပြုပြင်ပြောင်းလဲမှုများစွာလုပ်ဆောင်ခဲ့ပြီး ယွမ်အားပိုမိုလွတ်လပ်စွာ အသုံးပြုရန် လုပ်ဆောင်ခဲ့သည်။ ဤတိုးတက်မှုအား အသိအမှတ်ပြုမှုအဖြစ် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အမေရိကန်ဒေါ်လာ၊ ယူရို၊ ဂျပန်ယန်းနှင့် ဗြိတိန် ပေါင်စတာလင်ငွေတို့နှင့်အတူ ယွမ်ငွေအား ငါးခုမြောက် ငွေကြေး တစ်ခုအဖြစ် ၎င်း၏ နိုင်ငံတကာအရန်ပိုင်ဆိုင်မှု (Special Drawing Rights= SDR) ငွေကြေးစနစ်သို့ ၂၀၁၆ ခုနှစ်က ထည့်သွင်းခြင်းလည်းပါဝင်ခဲ့သည်။ SDR ဆိုသည်မှာ အဖွဲ့ဝင်နိုင်ငံများ၏ တရားဝင်ငွေကြေးများတွင် ဖြည့်စွက်သည့် အသုံးနိုင်သည့် နိုင်ငံတကာငွေကြေးတစ်ခုဖြစ်သည်။ ၎င်းငွေကြေးဖြင့် အစိုးရများအကြားလိုအပ်ချိန်တွင် လွတ်လပ်စွာအသုံးပြုနိုင်ရန် ဖလှယ်နိုင်ပြီဖြစ်သလို ယွမ်ငွေဝင်ရောက်လာမှုက ကမ္ဘာလုံးဆိုင်ရာချိတ်ဆက်ရေးတွင် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပေသည်။ထိုအချိန်မှစ၍ တရုတ်နိုင်ငံက ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ခွင့်ပြုပမာဏတိုးမြှင့်ခြင်း၊ ရှန်ဟိုင်း-ဟောင်ကောင်၊ ရှန်းကျန့်-ဟောင်ကောင်နှင့် ရှန်ဟိုင်း-လန်ဒန် စတော့ခ် ချိတ်ဆက်မှုများကဲ့သို့ စတော့ခ်အိတ်ချိန်းများအကြား ချိတ်ဆက်အစီအစဉ်များ မိတ်ဆက်ခြင်းနှင့်အတူ ယွမ်ငွေ၏ ကျယ်ပြန့်စွာအသုံးပြုမှုအတွက် တွန်းအားပေးရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။

တရုတ်ငွေကြေးက နိုင်ငံသားမဟုတ်သူများ၏ သုံးစွဲမှုအတိုင်းအတာပေါ်မူတည်သည့် နိုင်ငံ၏စီးပွားရေးနှင့် ကုန်သွယ်ရေးဩဇာအာဏာနှင့် လိုက်လျောညီထွေရှိသည်ဖြစ်စေမရှိသည်ဖြစ်စေ နိုင်ငံခြားငွေကြေးလဲလှယ်မှု ဈေးကွက် တွင်ပြုပြင်ပြောင်းလဲမှုများ ပိုမိုလုပ်ဆောင်ရန်လိုအပ်မည်ဖြစ်ကြောင်း ဝမ်ကဆိုသည်။ တရုတ်နိုင်ငံ အနေဖြင့် နိုင်ငံသား မဟုတ်သူများအတွက် စွန့်စားမှုအားစီမံခန့်ခွဲရန်နှင့် ၎င်းတို့၏ယုံကြည်မှုရရှိရန် ထုတ်ကုန်များအားကမ်းလှမ်းရန် နိုင်ငံခြား ငွေကြေးဆင့်ပွားမှုများ တိုးတက်ပြောင်းလဲရာတွင် အားထုတ်ကြိုးပမ်းမှုများ ပိုမိုလုပ်ဆောင်ရန် လိုအပ်နေဦးမည်ဖြစ်ကြောင်း ဝမ်ကမှတ်ချက်ပြုလိုက်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံ၏စီးပွားရေး တိုးတက်မှုနှင့်အတူ တရုတ်ယွမ်ငွေက ဆယ်စုနှစ်တစ်ခုအတွင်း နိုင်ငံတကာက လက်ခံကျင့်သုံးသော ငွေကြေး တစ်ခုအဖြစ် လျင်မြန်စွာရောက်ရှိလာခဲ့သည်ကို လုံးဝမငြင်းနိုင်ဘဲတွေ့ရှိရပေမည်။

**Source:** https://www.facebook.com/XinhuaMyanmar/posts/1296608977174746?__tn__=K-R

## တရုတ်ကို နေ့စဉ် ဆန်တန်ချိန် ၁၅၀၀ ခန့် တင်ပို့နေရ

တရုတ်က မြန်မာ့ဆန်ကို စက်မှုကုန်ကြမ်းသုံးနှင့် အစားအသောက်လုပ်ငန်းများတွင် အသုံးပြုရန် အနည်းငယ် ပြန်လည် ဝယ်ယူမှုကြောင့် တစ်နေ့လျှင် တန်ချိန် ၁၅၀၀ ကျော် တင်ပို့နေရကြောင်း ဆန်စပါး ကုန်သည်များထံမှ သတင်းရရှိသည်။ အခု မူဆယ်ဘက်ကနေ တစ်နေ့ကို တန်ချိန် ၁၀၀၀၊ ၁၅၀၀ လောက် ထွက်နေတယ်။ မူဆယ်မှာရှိတဲ့ ကုန်သည်တွေ လက်ထဲမှာစုပုံနေတဲ့ဆန်တွေ နေ့စဉ်ထွက်နေတော့ နည်းနည်းတော့ အဆင်ပြေလာ တယ်။ သူတို့ဘက်ကလည်း အရည်အသွေးစစ်ဆေးပြီးတော့ ယူနေတဲ့အနေအထားရှိတယ်ဟု မန္တလေး- မူဆယ်ဆန်ကုန်သည် ဦးကျော်ဆန်းက ပြောသည်။ တရုတ်က ဆန်ဝယ်ယူရာတွင် တစ်ဖက်နိုင်ငံမှဝယ်ယူသူများ၏ လိုအပ်ချက်များအရ အရောင်းအဝယ်ပြုလုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး အရည်အသွေးပေါ်မူတည်၍ ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်းဆိုသည်။

လက်ရှိ မူဆယ်နယ်စပ်တွင် သောင်တင်နေသော ဆန်တန်ချိန်တစ်သိန်းခန့်တွင် တရုတ်ကုန်သည်များမှ နေ့စဉ် ဝယ်ယူမှုကြောင့် တန်ချိန်ငါးသောင်းကျော်သာ ကျန်ရှိတော့ကြောင်းသိရသည်။ မူဆယ်မှာပိတ်မိနေတဲ့ဆန်တွေကို ရောင်းနိုင်ဖို့ ကြိုးပမ်းနေတယ်။ လောလောဆယ် တန်ချိန်တစ်သောင်းရောင်းဖို့ စာချုပ်ချုပ်ထားတယ်ဟု မူဆယ်ဆန်စပါး ကုန်စည်ဒိုင်ဒုတိယဥက္ကဌ ဦးချမ်းသာဦးကပြောသည်။ တရုတ်ကုန်သည်များအနေဖြင့် မြန်မာနိုင်ငံမှ

ဝယ်ယူသည့် ငစိန်ဆန်၊ ဧည့်မထဆန်များကို စက်မှုကုန်ကြမ်းလုပ်ငန်းများ၊ ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆန်မုန့်မျိုးစုံနှင့် အရက်ချက်လုပ်ရာတွင်လည်းကောင်း၊ အရည်အသွေးညံ့ဆန်များဖြစ်သည့် ဆန်ကွဲတို့ကို တိရစ္ဆာန် အစားအစာတို့တွင်လည်းကောင်း အသုံးပြုလျက်ရှိကြောင်း၊ မူဆယ်မှ တရုတ်သို့တင်ပို့သည့် ဧည့်မထဆန်သည် ပဲခူးတိုင်း(အရှေ့၊ အနောက်)၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုစာရင်းများအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန်ခြောက်သိန်းကျော်တင်ပို့မှုမှ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၀၈ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန်နှစ်သန်းကျော်တင်ပို့ခဲ့သည်။ လက်ရှိတွင် မြန်မာ့အမျိုးသား ပို့ကုန်မဟာဗျူဟာ National Export Strategy- NES ကို ၂၀၂၀-၂၀၂၅ အ တွက် ပြန်လည်ရေးဆွဲလျက်ပြီး အဆိုပါမဟာဗျူဟာတွင် ဆန်စပါးကို ဦးစားပေးကဏ္ဍအဖြစ် ဆက်လက်ထည့်သွင်းသွားရန်ရှိပြီး ဆန်စပါးတင်ပို့မှုတိုးတက်ရေးအတွက် မဟာဗျူဟာများတွင် ပြည်ပအကူအညီများ ရရှိရေး၊ စပါးမှစတင်ကာ ဆန်ဖြစ်သည်အထိ Value Chain တစ်ခုလုံး တိုးတက်ရေး ဆောင်ရွက်နိုင်ရန်လိုအပ်နေကြောင်း ကုန်သည်များကဆိုသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2330600357025447?__tn__=K-R

## လက်ရှိဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံတန်ချိန်လေးသိန်းကျော်တင်ပို့ထား



လက်ရှိဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ ဇူလိုင်လ ပထမပတ်အထိ ၉ လကျော်ကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံ တန်ချိန် ၁ ဒသမ၂၄သန်းခန့် တင်ပို့ထားပြီး ကန်ဒေါ်လာသန်း ၇၇၀ ကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာရေးနှစ်နှင့် ယခင်ဘဏ္ဍာနှစ်ကာလတူနှိုင်းယှဉ်ပါက တန်ချိန် ၄ သိန်းကျော် ကန်ဒေါ် လာ သန်း ၂၅၀ ခန့် ပိုမိုရရှိထားကြောင်းသိရသည်။ လက်ရှိဘဏ္ဍာနှစ်မှာ ပိုမိုရရှိထား တာက မတ်ပဲက ကန်ဒေါ်လာသန်း ၁၀၀ ခန့်နဲ့ ပဲတီစိမ်းက ကန်ဒေါ်လာ သန်း ၈၀ လောက် ပိုရရှိထားတယ်။ လက်ရှိ ဘဏ္ဍာနှစ်မှာ တင်ပို့ထားတဲ့ ပဲမျိုးစုံ တန်ချိန်ဟာ ၂၀၁၇-၁၈ ဘ ဏ္ဍာနှစ် တစ်နှစ်လုံးနဲ့ယှဉ်ရင် ပြည့်မီဖို့ တန်ချိန်တစ်သိန်း၊ တန်ဖိုးက ကန်ဒေါ်လာ သန်း ၁၀၀ လောက်ပဲ လိုတော့တယ်။ ဒါကြောင့် အခုဘဏ္ဍာနှစ်မှာ ပြည်ပကို ပဲမျိုးစုံပိုမိုတင်ပို့ လာနိုင်မယ့် အခြေအနေကောင်းတွေရှိနေတယ်ဟု ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောသည်။

ယခုနှစ်တွင် အိန္ဒိယနှင့် အခြားသော နိုင်ငံများမှ အဝယ်လိုက်လာခြင်းကြောင့် လက်ရှိဈေးကွက်အတွင်း ပဲတီစိမ်း တစ်တန်လျှင် ကန်ဒေါ်လာ ၁၇၀၀ မှ ၂၂၀၀ ကြား၊ ပဲစင်းငုံတစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ မှ ၈၀၀ ကြား၊ မတ်ပဲ တစ်တန်လျှင် ကန်ဒေါ်လာ ၉၀၀ မှ ၉၇၀ ကြား၊ ကုလားပဲတစ်တန်လျှင် ကန်ဒေါ်လာ ၁၄၀၀ မှ ၁၄၃၅ ကြား၊ စားတော်ပဲ တစ်တန်လျှင် ကန်ဒေါ်လာ ၁၃၀၀ မှ ၁၃၅၀ ကြား၊ ပဲလွန်းဖြူတစ်တန်လျှင် ကန်ဒေါ်လာ ၁၀၀၀ မှ ၁၂၀၀ ကြား၊ ဘိုကိတ်ပဲ တစ်တန်လျှင် ကန်ဒေါ်လာ ၉၀၀ မှ ၉၇၀ ကြား ဈေးပေါက်နေသည်။ အခုအိန္ဒိယနဲ့ နိုင်ငံတကာကတော့ မြန်မာ့ပဲမျိုးစုံကို အဆက်မပြတ်ဝယ်ယူနေတယ်။ အရင်နှစ်က အိန္ဒိယက ပဲတင်သွင်းခွင့် ကန့်သတ်တာကြောင့် မြန်မာဘက်က ပဲမျိုးစုံလျှော့ချစိုက်လာတယ်။ ပြီးတော့ တစ်ခြားဈေးကွက်ကောင်းတဲ့ ပဲတွေကို ပြောင်းစိုက်လာကြတယ်။ ဒီအခြေအနေမှာ ပြည်တွင်းပဲမျိုးစုံလက်ကျန်နဲ့ ယှဉ်ပြီးတော့ ကုန်သည်တွေက ထိန်းထား ဈေးကို ကျဆင်းမသွားအောင် ရောင်းချနိုင်ခဲ့တယ်ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

အိန္ဒိယသို့ ဇွန်လ ( ၁၂ ) ရက်ကစ၍ မတ်ပဲနှင့် ပဲစင်းငုံတို့ကို စတင်တင်ပို့ရာ ကွန်တိန်နာ အလုံး ၈၀ ကျော်အထိ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် အိန္ဒိယအစိုးရမှ ပဲတင်သွင်းမှုကို အောက်တိုဘာလအထိသာ တင်သွင်းခွင့်ပေးထားခြင်းကြောင့် ပြည်တွင်းကုန်သည်များအနေဖြင့် ထိုကာလအတွင်း တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ လက်ရှိတွင် ပြည်တွင်း၌ ပဲတီးစိမ်းလက်ကျန် တန်ချိန် တစ်သောင်းခွဲခန့်၊ ပဲစင်းငုံ တန်ချိန် ခုနစ်သောင်းခန့်နှင့် မတ်ပဲ တန်ချိန် နှစ်သိန်းခန့် ကျန်ရှိနေသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2330712953680854?__tn__=K-R

## တရုတ်နှင့်ထိုင်းကုန်သည်များ မြေပဲပိုမိုဝယ်ယူရန်ကမ်းလှမ်း

မြန်မာနိုင်ငံမှ မြေပဲများကို တရုတ်နှင့်ထိုင်းနိုင်ငံတို့က ဝယ်ယူမှုများနေသည့်အပြင် ထပ်မံဝယ်ယူရန်လည်း ကမ်းလှမ်းမှုများရှိနေသည်။ မြေပဲတန်ချိန် နှစ်သောင်းကျော်လောက်ဝယ်ဖို့ထိ ကမ်းလှမ်းစကားပြောလာတယ်။ ဈေးသင့်ရင်တော့ ရောင်းနိုင်မှာပေါ့။ မိုးမြေပဲက အထွက်နှုန်းကလည်း နည်းတော့ဈေးကွက်မှာ ပစ္စည်းနည်းတယ်။ ဒါကြောင့် အဝယ်များပြီး အရောင်းပါးနေတယ်။ ထိုင်းဘက်ကိုတော့ လုပ်ငန်းရှင်ချင်း ချိတ်ဆက်တာနဲ့ ပို့တာများတယ်ဟု မန္တလေးမြို့မှ မြေပဲကုန်သည် ဦးမြဟန်ကပြောသည်။

လက်ရှိ မြေပဲ ဈေးကွက်တွင်း မြေပဲလုံးဆံတစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဝန်းကျင်ရှိပြီး ပွဲရုံသွင်းဈေးမှာ အတောင့်တစ်ပိဿာလျှင် ကျပ် ၁၃၀၀ မှ ၁၅၀၀ကျပ်ရှိနေသည်။ မြန်မာ့မြေပဲကို တရုတ်က အများဆုံးဝယ်တယ်။ တရုတ်နိုင်ငံကတော့ တစ်နှစ်ကို တန်ချိန် ၁၀ သန်းဝန်းကျင် ထုတ်လုပ်သလို ဝယ်ယူတင်သွင်းမှုများတဲ့နိုင်ငံလည်းဖြစ်တယ်။ ရွှေလီက တချို့ကုန်သည်တွေက သူတို့ နီးစပ်ရာ ကုန်သည်တွေဆီကမြန်မာ ပဲဆီကို ဝယ်စားတာတွေ ရှိတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံက မြေပဲဆီ များများတော့ ဝယ်မယ်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုရင် သူတို့က ကိုယ်ပိုင်စက်နဲ့ကြိတ်ပြီး ပဲဖတ်ကို သုံးလိုတာကြောင့်ဖြစ်သလို မြေပဲဆန်ကို စားသောက်ကုန်တွေမှာလဲ အသုံးများတာကြောင့် ကုန်ကြမ်းအတိုင်း ဝယ်ယူတာ ပိုများတယ်ဟု မန္တလေးတိုင်းရှိ ဇရာမြေပွဲရုံပိုင်ရှင် ဦးမြတ်မော်ကပြောသည်။

မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးခင်စိုးကလည်း မြေနဲ့စိုက်ပျိုးရေသာ တကယ်အဆင်ပြေခဲ့ရင်၊ မျိုးစေ့နည်းပညာ စက်ကိရိယာ သွင်းအားစုတွေသာ တကယ်ပံ့ပိုးနိုင်ခဲ့ရင် သေချာပေါက် တစ်ဧက မြေပဲတင်း တစ်ရာကျော် ထွက်မှာဖြစ်သလို စံပြစိုက်ကွင်းတွေနဲ့ပြနိုင်ဖို့ စတင်အကောင်အထည်ဖော်နေပါတယ်။ တစ်နှစ်ကို မိုးနဲ့ ဆောင်းနှစ်ရာသီမှာ ဆီထွက်သီးနှံစိုက်ဧက ကိုးသန်းကျော် ပိုင်ဆိုင်ထားမယ်ဆိုရင် နိုင်ငံအတွက်ဆီဖူလုံတဲ့အပြင် ပြည်ပကို ကုန်ကြမ်းရောကုန်ချောပါ အများဆုံးတင်ပို့နိုင်တဲ့နိုင်ငံ ဖြစ်လာလိမ့်မယ်ဟုပြောသည်။ မြန်မာ့မြေပဲကို တရုတ်၊ ထိုင်း၊ တောင်ကိုရီးယား၊ ဂျပန်၊ စင်္ကာပူစသည့် နိုင်ငံများသို့ တင်ပို့နေသည်။ ပြည်ပသို့ ဘဏ္ဍာနှစ်အလိုက် တင်ပို့မှုစာရင်းများအရ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၅၀၀၀ကျော် ကန်ဒေါ်လာ ၅၇သန်း ကျော်၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၉၈၀၀၀ ကျော် ကန်ဒေါ်လာ ၁၁၂ သန်း ကျော်နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင်တန်ချိန် ၅၄၀၀၀ ကျော် ကန်ဒေါ်လာသန်း ၆၀ ကျော်ရရှိခဲ့သည်။

**Source: The Farmer**

https://www.facebook.com/myanmaawba/?ref=page_internal

## ရွှေ၊ ဒေါ်လာနှင့် စက်သုံးဆီဈေး ယခုတစ်ပတ်အတွင်း အနည်းငယ်မြင့်တက်

အခေါက်ရွှေဈေးတစ်ပတ်အတွင်း ကျပ် ၁၇၀၀၀ ခန့်မြင့်တက်ခဲ့ပြီး ဒေါ်လာငွေလဲနှုန်းနှင့် စက်သုံးဆီဈေးနှုန်းများလည်း အနည်းငယ်မြင့်တက်ခဲ့ကြောင်း ပြည်တွင်းရွှေ၊ ငွေနှင့်ဒေါ်လာဈေးကွက်မှသိရသည်။ ဇူလိုင် ၈ ရက် နံနက်ဈေးဖွင့်ချိန်တွင် မြန်မာ့အခေါက်ရွှေဈေးတစ်ကျပ်သားလျှင် ကျပ် ၁၁၁၈၀၀၀ဖြင့်အရောင်းအဝယ်ပြုလုပ်ခဲ့ရာမှ ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် အခေါက်ရွှေဈေးတစ်ကျပ်သားလျှင်ကျပ် ၁၁၃၅၀၀၀ သို့ စံချိန်တင်မြင့်တက်ခဲ့ကာ တစ်ပတ်အတွင်း ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၇၀၀၀ ခန့်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ရွှေဈေးမှာလည်း ဇူလိုင် ၈ ရက် နံနက်ပိုင်းဈေးဖွင့်ချိန်တွင်ရွှေတစ်အောင်စလျှင် ၁၃၉၉ ဒေါ်လာဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ရာမှ ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်း၌ ရွှေတစ်အောင်စလျှင် ၁၄၁၆ဒေါ်လာသို့မြင့်တက်ခဲ့ပြီး တစ်ပတ်အတွင်း ရွှေတစ်အောင်စလျှင် ၁၇ ဒေါ်လာခန့်မြင့်တက်ခဲ့သည်။ ပြည်တွင်းဒေါ်လာငွေလဲနှုန်းမှာလည်း ဇူလိုင် ၈ ရက် နံနက်ပိုင်း ဈေးဖွင့်ချိန်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၀၇ ကျပ်(ဝယ်)၊ ၁၅၁၁ ကျပ်(ရောင်း)ခန့်ရှိခဲ့ရာမှ ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်း တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၀၆ ကျပ်(ဝယ်)၊ ကျပ် ၁၅၁၀(ရောင်း)ဖြင့်ရှိခဲ့သဖြင့် ဒေါ်လာငွေလဲနှုန်းမှာမူ တစ်ပတ် အတွင်းတစ်ဒေါ်လာခန့် ကျဆင်းခဲ့သည်။

ဇူလိုင် ၁၃ ရက်က ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာ Yangon Petrol ဈေးနှုန်းများအရ အောက်တိန်း ၉၂ တစ်လီတာလျှင် ကျပ် ၇၈၀၊အောက်တိန်း ၉၅ တစ်လီတာလျှင် ကျပ် ၈၆၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၈၉၀ နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ကျပ် ၉၀၀ ဖြင့်အရောင်းအဝယ်ပြုလုပ်ခဲ့ရာ ဇူလိုင် ၈ ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက အမျိုးအစားအားလုံးတစ်လီတာလျှင် ၁၀ ကျပ်ခန့်မြင့်တက်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/125584.html

## မွေးမြူရေးခြံထွက် ကျွဲနွားများကိုသာ ပြည်ပတင်ပို့ရောင်းချခွင့်ပြုတော့မည်

မြန်မာ့ကျွဲနွားတွေကို ပြည်ပနိုင်ငံများသို့ တရားဝင်တင်ပို့ရောင်းချခွင့်အား ဝယ်ယူစုဆောင်းရောင်းချတဲ့ ပုံစံအစား ကိုယ်တိုင်မွေးမြူထားတဲ့ ခြံထွက်နွားတွေကိုသာ တင်ပို့ရောင်းချတဲ့ပုံစံနဲ့ ပြောင်းလဲခွင့်ပြုသွားမယ်လို့ စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကပြောပါတယ်။ ကိုယ်တိုင်မွေးမြူရေးခြံနဲ့မွေးမြူပြီး တင်ပို့ရောင်းချတဲ့ပုံစံနဲ့ ပြောင်းလဲကျင့်သုံးသွားမယ်။ အမှန်တကယ် မွေးမြူရေးလုပ်မလုပ်ကိုလည်း ဝန်ကြီးဌာနက ခြံတွေအထိကွင်းဆင်း စစ်ဆေးမယ်။ ကိုယ်တိုင်ခြံနဲ့မမွေးချင်လို့ မွေးဘတ်ပေးထားတယ်ဆိုလည်း မွေးဘတ်ပေးထားကြောင်း အထောက်အထား အတိအကျတင်ပြရမယ်။ တကယ်ဟုတ်မဟုတ်သေချာစစ်ဆေးပြီး မှန်ကန်တယ်ဆိုမှ ခွင့်ပြုချက်ပေးမယ်လို့ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ပြောင်းလဲကျင့်သုံးမယ့်မူဝါဒကို ရှင်းလင်းပြောဆိုခဲ့ပါတယ်။

ပြည်ပသို့ မြန်မာ့ကျွဲနွားများတင်ပို့ရောင်းချခွင့်အား အခုလိုပြောင်းလဲရတာဟာ အနာဂတ်ကာလမှာ ကျွဲနွားတွေ ရှားပါးလာမှာကို စိုးရိမ်တဲ့အတွက်လို့ မွေးမြူရေးနှင့်ကုသရေးဌာနကဆိုပါတယ်။ မြန်မာကျွဲနွားတွေကို ပြည်ပနိုင်ငံတွေသို့ တရားဝင်တင်ပို့ရောင်းချခွင့်ကို လက်ရှိ NLD အစိုးရလက်ထက်မှ စတင်ခွင့်ပြုလိုက်တာဖြစ်ပြီး တရုတ်နိုင်ငံကို အဓိကတင်ပို့ရောင်းချနေတာလည်းဖြစ်ပါတယ်။ **Source:** https://www.facebook.com/myanmaeconomic/

## STOCK EXCHANGE (15.7.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 15th Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,500 | 12,000 | 11,500 | 5,067 | 59,021,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,200 | +150 | +4.92% | 3,100 | 3,200 | 3,100 | 12,728 | 40,413,100 | 38,929,150 | 124,573 |
| MCB | 00003 | 8,000 | -500 | -5.88% | 7,600 | 8,000 | 7,600 | 35 | 267,200 | 10,400,986 | 83,208 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 23,500 | 23,500 | 23 | 540,500 | 2,472,053 | 58,093 |
| TMH | 00005 | 3,000 | +0 | +0.00% | 2,950 | 3,000 | 2,950 | 621 | 1,832,650 | 12,212,906 | 36,639 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 449.97 | +10.40 | +2.37% | 443.62 | 456.40 | 443.62 | 18,474 | 102,074,950 | 5 | 614,310 |

**Index chart**



# Market Overview

As of 12:00 pm, 15th Jul. 2019

| MYANPIX-1 | 446.47 ▲ 6.90 |
|---|---|
| Total Volume (shares) | 14,802 |
| Total Value (MMK) | 82 mil |
| Listed Company | 5 |
| Market Cap. (MMK) | 609,538 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 3,200 | ▲ 150 |
| MCB | 00003 | 7,600 | ▼ 900 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 2,950 | ▼ 50 |

TIR